# ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

# ဒုတိယနေ့အစီအစဉ်

# [ ၁၉–၁၀–၂၀၁၂ ] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ **ကျောက်ဖြူခရိုင်ဆေးရုံကြီးတွင် မျက်စိအထူးကုဆရာဝန်တစ်ဦး ခန့်ထားရေးကို ကူညီဆောင်ရွက် ပေးရန်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

( ခ ) ဗိုလ်မှူးမြတ်မိုး၊ တပ်မတော်သားကိုယ်စားလှယ်၏ **ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များနှင့် ကျောင်းများတွင် ဆေးပညာကျင့်ဝတ် Medical Professionalism ဘာသာရပ်အား တိုးချဲ့သင်ကြားပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

( ဂ ) ဦးမြင့်လှိုင်၊ မဘိမ်း မဲဆန္ဒနယ်၏ **မိုးမိတ်မြို့နယ်တွင် အစိုးရ နည်းပညာအထက်တန်းကျောင်း တည်ဆောက်ပေးမည့် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးလှထွန်း၊ ခန္တီး မဲဆန္ဒနယ်၏ **သားငှက်ထိန်းသိမ်းရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်နေခြင်းသည် ဒေသနှင့် နိုင်ငံတော်အတွက် မည်မျှအကျိုးသက်ရောက်မှုရှိသည်ကို သိလိုသည်** နှင့် စပ်လျဉ်း သည့် မေးခွန်း။

(င) ဦးသိန်းထွန်းဦး၊ အမရပူရ မဲဆန္ဒနယ်၏ **၂၀၀၅ ခုနှစ်တွင် နိုင်ငံတော်က သိမ်းဆည်းဆောင်ရွက်ခဲ့သော လိုင်စင်မဲ့ မော်တော်ယာဉ်ပိုင်ရှင်များအား အထူးအစီအစဉ်ဖြင့် ကားတင်သွင်းခွင့် ပါမစ်များ ချထားပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးမြင့်စိုး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **အာဆီယံမူအရ ယခင်အတိုင်း ဝင်ရိုး ၆ တန်း၊ ၂၂ ဘီးယာဉ်များကို ယာဉ်+ကုန် ၅၅ တန်အထိ ပြန်လည် တင်ဆောင်ခွင့်ပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ဦးစိုးဝင်း၊ စမ်းချောင်း မဲဆန္ဒနယ်က **"မြန်မာနိုင်ငံအတွက် (GSP) အခွင့်အရေး ပြန်ပေးရန် ဤလွှတ်တော်မှ ပြည်သူတို့ကိုယ်စား တစ်ခဲနက်တိုက်တွန်း တောင်းဆိုကြောင်း"** အဆို တင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **" အလုပ်အကိုင် ရရှိရေးနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ က ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်သွင်းခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့်အစည်းအဝေး တတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။